# မြန်မာနိုင်ငံရှိ ငါးမွေးမြူရေးလုပ်ငန်း တန်ဖိုးကွင်းဆက်၏ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ပုံ

Ben Belton (MSU), Aung Hein, Kyan Htoo, L. Seng Kham (MDRI-CESD)
Ulrike Nischan (IFPRI), Thomas Reardon (MSU), Duncan Boughton (MSU)

*This study is made possible by the generous support of the American people through the United States Agency for International Development (USAID). The study was also supported by financial assistance from the Livelihoods and Food Security Trust Fund (LIFT). The contents are the responsibility of Michigan State University (MSU) and do not necessarily reflect the views of USAID, the United States Government, or LIFT and its donors*

# တန်ဖိုးကွင်းဆက် ဖွဲ့စည်းတည်ဆောက်ပုံ






Upstream: သွင်းအားစုထောက်ပံ့ပေးမှု (မျိုးစေ့၊ အစာ)



Midstream: ငါးမွေးမြူရေး (မြေကွက်၊ လုပ်သား၊ ငွေအရင်းအနှီး)



Downstream: ဈေးကွက်တင်ပို့ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း

# လေ့လာမှု နည်းစနစ်

- ရေချိုငါးမွေးမြူရေးလုပ်ငန်း အပေါ်တွင် သာလျှင် အဓိကထားလေ့လာခဲ့ပါသည်။ (ပုစွန်မှာ စုစုပေါင်း ထုတ်လုပ်မှု ၏ ၅%အောက်သာရှိသည်။)
- ငါးကန် စစ်တမ်းကောက်ရာတွင် ဂြိုဟ်တုဓါတ်ပုံများ သုံးခြင်း: မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်တိုင်းရှိ ကန်အစုအဝေးများအား အမျိုးအစား ခွဲခြားခြင်းနှင့် စာရင်းပြုစုခြင်း
- ရန်ကုန်မြို့ + ကန်ဧရိယာ၏ ၇၅% အတွက် မြို့နယ် ၇မြို့နယ်တွင် ပြုလုပ်ခဲ့
- သွင်းအားစုအပိုင်း၊ ငါးမွေးမြူရေးကန်အပိုင်း နှင့် ဈေးကွက်အပိုင်း အပါအဝင် လူတွေ့မေးမြန်းမှု ၂၅၀ လုပ်ဆောင်ခဲ့သည်
- လွန်ခဲ့သော ၁၀နှစ်တာ ကာလအတွင်း ငါးလုပ်ငန်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုတွင် အလတ်စား(Meso Level) အဆင့် ပြောင်းလဲမှု နှင့်  အသေးစားအားလုပ်ငန်းများ၏ အလေ့အထများကို အဓိကထား လေ့လာခဲ့ပါသည်

# ငါးသားဖောက်ကန်
# အပိုင်း









# ငါးပျိုးကန်
# အပိုင်း









# ငါးမျိုး

- ငါးသားဖေါက်ကန်များ– အနည်းငယ် သေးပြီး အစုလိုက်ရှိတတ်သည်။မကြာခဏအားဖြင့် ဒေါင်လိုက်ပေါင်းစပ်တည်ရှိနေသော လုပ်ငန်းစုများ၏ အစိတ်အပိုင်းအဖြစ်လည်း တည်ရှိတတ်သည်။
- ထုတ်လုပ်သော ငါးမျိုးစိတ် အရေအတွက်မှာကန့်သတ်ဖြင့်သာရှိသည်။ အာရှဒေသရှိ ငါးမွေးမြူရေး လုပ်ငန်းတွင် အတွေ့ရများသော ငါးအများစုမှာ တွင်တွင်ကျယ်ကျယ်မတွေ့ရဘဲ (သို့) အခြေခံ စမ်းသပ်လေ့လာရန် အတွက်သာလျှင် ထုတ်လုပ်ခြင်းဖြစ်သည်
- ငါးပျိုးကန်များ – ငါးကန်အစုအဝေးလိုက်တည်ရှိရာ ဒေသအားလုံးတွင်ရှိပြီး တခါတရံတွင် ငါးသားဖောက်ကန်များနှင့် အရေအတွက်များစွာ တွဲပြီးရှိ
- ငါးမွေးမြူရေးကန်များတွင် ငါးသားပေါက်အကြီးများကို ပိုမို ထည့်သွင်းအသုံးပြုလာသဖြင့် လွန်ခဲ့သော ၁၀နှစ်တာကာလအတွင်း ငါးပျိုးကန်များ တိုးလာ
- တောင်သူအသေးစားများအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် စတင်ဝင်ရောက်လုပ်ကိုင်နိုင်မည့် အပိုင်းကို ဖော်ညွှန်းပေးသည်။

# ငါးစာ အပိုင်း









# ငါးစာ

- ငါးစာနှင့် ငါးစာပါဝင်ပစ္စည်းများအတွက် ဈေးကွက်အရွယ်အစားမှာ အခြားသော တိရစ္ဆာန်အစာ အားလုံးအတွက်  ဈေးကွက်နှင့် တူညီလျှက်ရှိသည်။
- ငါးစာတွင် စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများ အသုံးပြုမှုစုစုပေါင်းမှာ ၈၀% ကျော်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းစဥ်အတွက် ဝင်ငွေတိုးပွားလာစေသည်။
- အချိုးအစားကျနစွာ စနစ်တကျထုတ်လုပ်ထားသော ငါးစာများ၏ ဈေးကွက်ထိုးဖောက်နိုင်မှုမှာ နည်းပါးလျှက်ရှိပြီး ၂၀% ထက် နိမ့်ကျလျှက်ရှိသည်။
- ငါးစာထုတ်လုပ်မှုတွင် ကုမ္ပဏီတစ်ခုကသာ အဓိက ထုတ်လုပ်လျှက်ရှိပြီး အခြားထုတ်လုပ်သူများမှာ တန်ဖိုးကွင်းဆက်တစ်ခုလုံး ပေါင်းစပ်လုပ်ကိုင်သည့် ငါးမွေးမြူသူများသာဖြစ်သည်။
- အချိုးအစားကျနစွာ စနစ်တကျထုတ်လုပ်ထားသော ငါးစာများ၏ ဈေးနှုန်းသည် အာရှတွင် အမြင့်ဆုံးဖြစ်သည်။

# အခြား
# အထူးပြုသွင်းအားစု
# များနှင့်
# ဝန်ဆောင်မှုများ










# ငါးမွေးမြူရေးကန်
# အပိုင်း



# ငါးမွေးမြူရေးလုပ်ငန်း၏ ဖွဲ့စည်းတည်ဆောက်ပုံ

- ထုတ်ကုန် ပမာဏအားဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို အကြီးစား ဆောင်ရွက်မှုများ (အနိမ့်ဆုံး ၁၀၀မှ ၁၀၀၀ ဧက) က လွှမ်းမိုးထား
- သို့သော်လည်း ကြက်/ဘဲနှင့် ငါးတွဲဖက်မွေးမြူသောလုပ်ငန်းများ အပါအဝင် ၅ ဧကနှင့် ၅၀ဧကကြားရှိ အလတ်စားကန် အရေအတွက်မှာလည်း အများအပြားရှိသည်။
- ငါးမျိုးအဓိကထုတ်လုပ်သော ဒေသအများစုမှာ ပုဂ္ဂလိက ငါးသားဖောက်ကန်များ၊ ငါးပျိုးကန်များနှင့်အတူ အရေးအတွက်များစွာ တည်ရှိသည်။ (အဓိကအားဖြင့် ၁-၅ဧက)
- လယ်ကွင်းအတွင်းရှိ တစ်ပိုင်းတစ်နိုင်ကန် ၂ သိန်း ခန့်ရှိသည်။ (အဓိက ရည်ရွယ်ချက်မှာ သောက်ရေ ရရှိရန် ဖြစ်သော်လည်း ငါးမျိုးထည့်ကာ မွေးမြူမှု များလာ)
- အသေးနှင့် အလတ်စား ကန်တည်ရှိမှုကို အသိအမှတ်ပြုခဲ့လာသည်။











**Homestead ponds in Kayan township, with close inset** (Source Google Earth

# မြေယာ

- ပြည်ထောင်စု (အစိုးရ)သည် မြေအားလုံး၏ အကြွင်းမဲ့ ပိုင်ဆိုင်သူ ဖြစ်သည်
- စပါးစိုက်ပျိုးရန်သတ်မှတ်ထားသည့် မြေအားလုံးကို မဖြစ်မနေစပါးပျိုးရသည်။
- စိုက်ပျိုးမြေမှ စိုက်ပျိုးမြေ မဟုတ်သော မြေသို့ ပြောင်းရာတွင် အထူးခွင့်ပြုချက် (လန-၃၉) လိုအပ်သည်
- လန-၃၉ ရရန် အလွန် ရှုပ်ထွေးပြီး အချိန်ကုန်ကာ ကုန်ကျစရိတ်လည်းများသည်
- သို့သော်လည်း တရားဥပဒေ သက်ရောက်မှုက တပြေးညီမဟုတ်ပေ။
  - ငါးကန်လုပ်ငန်း ကောင်းစွာဖွံ့ဖြိုးလျှက်ရှိသော ဒေသများတွင် နားလည်မှုဖြင့် ဖြေလျှော့ပေးမှုများလည်း ရှိသည်။ (ဥပမာ - ၁၀ ဧက အောက်ကို ငါးကန်အဖြစ်ပြောင်းလဲလိုပါက တရားဝင်မဟုတ်သော်လည်း နားလည်မှုဖြင့် လိုက်လျောပေးလျှက်ရှိသည်။
  - ကန် တိုးချဲ့တူးဖော်ရန် အလားအလာရှိသော အချို့ဧရိယာများတွင် ကန့်သတ်ထားပါသည် (ဥပမာ မွန်)
  - ငါးထုတ်လုပ်သူများအတွက် လုပ်ငန်း ကုန်ကျစရိတ်များနှင့် ဆုံးရှုံးနိုင်မှုအန္တရာယ်များ တိုးလာစေနိုင်

# မြေယာ

- မြေပိုင်ဆိုင်ခွင့် မခိုင်မာမှုများကြောင့် ပုဂ္ဂလိကမြေဌားရမ်းမှု ဈေးကွက်များမှ မဖွံ့ဖြိုးလာချေ။ (အသေးစား လုပ်ငန်းရှင်များအတွက် အတားအဆီးဖြစ်)
- ၁၉၈၉ခုနှစ် ရေလုပ်ငန်းဥပဒေက ကုမ္ပဏီများအား မြေလွတ်မြေရိုင်းများကို ငါးကန်အဖြစ် ပြောင်းလဲခွင့်ပေးခြင်းအားဖြင့် ရေလုပ်ငန်းကို တိုးတက်စေခဲ့သည်
- အကြီးစားမြေယာလုပ်ပိုင်ခွင့် အမြောက်အမြား ခွင့်ပြုခဲ့ (လယ်သမားများ စိုက်ပျိုးနေသော မြေအချို့ပါ ပါဝင်)
- အကြွေးများစွာ ပိနေသော စပါးထုတ်လုပ်သူများထံမှ ငါးလုပ်ငန်းပိုင်ရှင်ကြီးများက မြေဝယ်ယူခြင်းအားဖြင့် မြေကွက်တွေအပေါ် စိတ်ဝင်စားမှု ရှိလာကြ
- ထို မူဝါဒ ၂ခုက အကြီးစားငါးမွေးမြူရေလုပ်ငန်းများအား လွှမ်းမိုးစေရန် အကြောင်းဖန်လာခဲ့သည်။

# လုပ်သား

- စပါးစိုက်ပျိုးရေးနှင့် နှိုင်းယှဉ်လျှင် ရေလုပ်ငန်းက ပို၍ လုပ်သားလိုအပ် (ကန်တစ်ကန် ငါးဖော်ရာတွင် တစ်ဧကကို တစ်နေ့လျှင် လူ၁ဂယောက် အလုပ်အကိုင်ရရှိကြပြီး၊ စပါးရိတ်ခြင်းက တစ်ဧကကို တစ်နေ့လျှင် လူ ၄ယောက်သာ အလုပ်ကိုင် ရရှိသည်။)
- အလတ်စားနှင့် အကြီးစား ငါးကန်အားလုံးတွင် ကန်လုပ်ငန်းများ လုပ်ကိုင်ရန် အမြဲတမ်း လုပ်သားများ ခန့်ထားကြ (ဝေးလံခေါင်ဖျားသော ဒေသများမှ ရွှေ့ပြောင်းလုပ်သားများ ဖြစ်ကြ)
- ကန်များတွင် လုပ်သား လိုအပ်မှုများနှင့် နေ့စားခများ တိုးလာ
- မြေတူးဖော်ရန် စက်ယန္တရားများ ငှားရမ်းဝန်ဆောင်မှုများ တိုးမြှင့်သုံးစွဲလာသဖြင့် စရိတ်သက်သာလာသည်။

# ငွေအရင်းအနှီး/ချေးငွေ

- ရေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သည် ပမာဏများ (အစာစရိတ်တစ်ခုတည်းလျှင် တစ်ဧကလျှင်  ပျမ်းမျှ $၁၅၀၀ မှ ၂၅၀၀ကြား ကုန်ကျ)
- ကမ္ဘာတွင် မြန်မာသည် ဘဏ္ဍာရေးဆိုင်ရာစနစ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံ အပါအဝင် ဖြစ်သည်
- စပါးစိုက်တောင်သူများ MADB မှ ထုတ်ပေးသော စိုက်ပျိုးရေးဆိုင်ရာ ချေးငွေများ ရကြ၊ ဒါပေမဲ့လည်း ငါးတောင်သူအများစုကတော့ ပုံမှန်ချေးငွေများ မရရှိကြ
- ငါးကုန်သည်ကြီးများက အကြီးစားငါးမွေးမြူရေးလုပ်ငန်းရှင်များအား အတိုးနှုန်း ၃% ဖြင့် ချေးငွေများထုတ်ပေးပြီး အပြန်အလှန်အားဖြင့် ပြန်လည်ထွက်ရှိလာသော ငါးများကို ၎င်းတို့ထံ ပြန်လည်ရောင်းချပေးရသည်။
- လုပ်ငန်းရှင် အသေးစားများကတော့ ပုဂ္ဂလိကငွေတိုးချေးသူများဆီမှ တစ်လလျှင် ၄%မှ ၆% အတိုးနှုန်းဖြင့် ချေးယူကြ
- တရားဝင်နှင့် အသေးစားချေးငွေပမာဏ တိုးလာသည်နှင့် အမျှ တရားမဝင် ချေးငွေ အတိုးနှုန်းများလည်း ကျလာခဲ့

# ဈေးကွက်တင်ပို့ခြင်း
# နှင့်
# ဖြန့်ဖြူးရောင်းချခြင်း









# ဈေးကွက်တင်ပို့ခြင်း

- ခေတ်မီ လက်လီရောင်းခြင်းလုပ်ငန်းမှာ ကန့်သတ်ဖြင့်သာရှိသည်။
- ကန်ရှင် နှင့် မူလလက်ကား ရောင်းဝယ်သူကြား ကြားဝင်ဆောင်ရွက်မှု (ပွဲစားစနစ်) အနည်းငယ်သာရှိ
- လွန်ခဲ့သော ၁၀နှစ်ထက် ငါးကုန်သွယ်မှု ပမာဏ (၂)ဆ ပိုတိုးလာ
- ရန်ကုန်လက်ကားရောင်းဝယ်ရေးမှ အဓိကဝယ်ယူသူ (၄)မျိုးမှာ
    1) ဝေးလံသော မြို့များရှိ ဈေးများမှ လက်ကားဝယ်ယူသူများ (ပျမ်းမျှ ၅၀%)
    2) ရန်ကုန်နှင့် ရန်ကုန်အနီးတဝိုက်ရှိ  လက်လီနှင့် အလတ်စား လက်ကားရောင်းဝယ်သူများ(ပျမ်းမျှ ၃၀%)
    3) ရန်ကုန်ရှိ အအေးသိုလှောင်သူများ/ လုပ်ငန်းဆောင်ရွက်သူများ/တင်ပို့ရောင်းချသူများ (ပျမ်းမျှ ၂၀%)
    4) စံပြဈေးတစ်ဝိုက်ရှိ အသေးစား လုပ်ငန်းပိုင်ရှင်များ (သေးသော်လည်း တိုးတက်မှု မြန်နေ)

# ပြည်နယ်တစ်ခုနှင့် တစ်ခုကြား ကုန်သွယ်မှု

- ၂၀၁၁ ကတည်းက ရန်ကုန်မှ အထက်မြန်မာပြည်သို့ ရေချိုငါးကုန်သွယ်မှုတွင်။ သိသိသာသာတိုးတက်လာသည်။
- ရန်ကုန်-မန္တလေး အမြန်လမ်း ပြီးစီးသွားခြင်းနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းကြောင့် ကုန်စည်တင်ပို့မှု အရေအတွက်နှင့် ပမာဏ အလွန်တိုးလာခဲ့
- မြို့နယ်တစ်ခုနှင့် တစ်ခုကြား အဝေးပြေးကား အရေအတွက်များ ၂ဆတိုးလာပြီး သယ်ယူပို့ဆောင်ခ ၄၀% ကျလာကာ သယ်ယူပို့ဆောင်သည့် ကြာချိန်နည်းလာ

# နိဂုံးချုပ်

- မြန်မာနိုင်ငံရှိ ငါးမွေးမြူရေးလုပ်ငန်း တန်ဖိုးကွင်းဆက်မှာ အလယ်အလတ်အဆင့် ဖွံ့ဖြိုးလျှက်ရှိသည်။ တန်ဖိုးကွင်းဆက် ကဏ္ဍတိုင်းတွင် ပြောင်လဲတိုးတက်မှု မြန်ဆန်လျှက်ရှိသော်လည်း ဖွံ့ဖြိုးမှု နိမ့်ကျလျှက်ရှိသေးသည်။
- အမြန်နှုန်းနှစ်ဖြင့်ဖြစ်ပေါ်တိုးတက်လျှက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုမှာ မြန်မာ့ထူးခြားသော နိုင်ငံရေး-စီးပွားရေးနှင့်  လုပ်ဆောင်နေဆဲ စီးပွားရေး အသွင်ကူးပြောင်းမှု နှင့် ဆက်စပ်နေ
- တန်ဖိုးကွင်းဆက် ကဏ္ဍအားလုံးတွင် လုပ်ငန်းအကြီးစားပိုင်ဆိုင်မှုများကို တွေ့ရှိရသည်။ (ပထဝီဝင်အားဖြင့်ရော၊ ဈေးကွက်အရရော ပါဝင် )
- မည်သို့ပင်ဖြစ်စေ စီးပွားဖြစ် အသေးစားနှင့် အလတ်စား ရေလုပ်ငန်း လုပ်ငန်းရှင်များသည် ယေဘုယျအားဖြင့် လက်ခံထားသော အရေအတွက်ထက် ပိုများသည်ကိုတွေ့ရှိရသည်။

# နိဂုံးချုပ်

- အခြားနိုင်ငံများတွင် တန်ဖိုးကွင်းဆက်ကဏ္ဍတိုင်း၌ ပိုမိုများပြားသော လုပ်ငန်းအရွယ်အစားအမျိုးမျိုးလုပ်ကိုင်သူ အရေအတွက်ကို တွေ့ရှိရသည်။ (အပြိုင်အဆိုင်လုပ်ဆောင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ထိရောက်မှုရှိခြင်း )
- အကျိုးအမြတ်ခံစားမှုကို မျှမျှတတဖြစ်ပေါ်လာအောင် လုပ်ဆောင်ခြင်းဖြင့် စီးပွားဖြစ်လုပ်ကိုင်သော အသေးစားမွေးမြူသူများနှင့် အသေးစားအလတ်စား လုပ်ငန်းများ ပိုမိုပါဝင်လာစေခြင်းဖြင့် လူတန်းစားအလွှာပေါင်းစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။
- ပိုမိုကောင်းမွန်ပြီး ကွဲပြားခြားနားသော နည်းပညာများကို အသုံးပြုခြင်းဖြင့် ဆင်းရဲသား စားသုံးသူများအတွက် မွေးမြူရေးငါးထုတ်ကုန်များကို ပိုမိုလက်လှမ်းမီလာစေမည်ဖြစ်ပြီး စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူပြုစေမည်ဖြစ်သည်။
- အခွင့်အရေးတာတူညီမျှရှိသော အခြေအနေကို ဖန်တီးနိုင်ရန်အတွက် အခက်အခဲဟန့်အတားများ (အထူးသဖြင့် မြေယာနှင့်ချေးငွေ)ကို လျှော့ချခြင်း သို့မဟုတ် ပယ်ဖျက်ပေးခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် ဟန်ချက်ညီသော ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးအလားအလာများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။